**For Those Seeking The Truth & Dynamic Living**

သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာရှာဖွယ်သူအတွက် ခရစ်တော်သည် အောင်နိုင်သူဖြစ်သည်။

# Christ is Victor

# (ခရစ်တော်၌ ကြွယ်ဝချမ်းသာခြင်း)

သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာရှာဖွယ်သူအတွက် ခရစ်တော်သည် အောင်နိုင်သူဖြစ်သည်။

*၂၀၀၉ခုနှစ် မေလ/ဇွန်လ*

## "ယုံကြည်ခြင်းအားဖြင့် ဆုတောင်းခြင်း"

## The Undercurrent of Prayer

"ထို့ကြောင့် သင်တို့သည် ဖြစ်လတံ့သော အမှုအရာတို့နှင့် ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို ခံထိုက်သော သူဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း၊ အစဉ်ဆုတောင်းလျှက်စောင့်နေကြလော့ဟု မိန့်တော်မူ၏။" (ရှင်လုကာ ၂၁း ၃၆)

ယေရှုသည် တပည့်တော်များကို အစားအသောက် လွန်ကျူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပမ်းခြင်းမှ ကိုယ့်ကိုကိုယ် သတိပြုကြလော့ဟု မိန့်တော်မူသည်။ ဘုရားသခင်အမှုတော်ဆောင်သည့်အခါ၌ ပုံမှန်ဆုမတောင်းသည့်အခါ ဝိညာဉ်ရေး၌ တဖြည်းဖြည်းနှင့် အသက်တာများ ဆင်းလာမှာဖြစ်သည်။ ထို့ကြောင့် အစဉ်ဆုတောင်းလျက် စောင့်နေကြလော့။ သင်တို့ဆုတောင်းသံကို ဘုရားသခင် မတုံ့ပြန်မချင်း စောင့်နေရမည်ဖြစ်သည်။ ထို့ပြင် တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ့်ကိုကိုယ် နှိမ့်ချလျှင် ကာလအချိန်တန်သောအခါ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း၊ ဖြောင့်မတ်သော လမ်းတော်သို့ လမ်းပြပို့ဆောင်မည့်အကြောင်း ခရစ်တော် မိန့်တော်မူ၏။

ဘုရားသခင်သည် သင့်ကို တန်ခိုးရှိသော တန်ဆာပလာကဲ့သို့ အသုံးပြုချင်သည်။ ဘုရားသခင်သည် သင့်ကို ခံစားနိုင်သော အတွေးအခေါ်နှင့် ပြည့်စုံစေချင်သည်။ ထို့မှသာ သင်သည် ခံစားနိုင်သော အတွေးအခေါ်နှင့် ပြည့်စုံမှာ ဖြစ်သည်။ ဘုရားသခင်သည် သင့်အတွက် အကောင်းဆုံး ပြင်ဆင်ပေးထားသည်။ ဘုရားသခင်သည် သင်၏ နှလုံးသားကို စိတ်အားထက်သန်သော အတွေးအခေါ်နှင့် ပြည့်စုံစေချင်သည်။ အာဗြဟံသည် ဘုရားသခင်၏ ကတိတော်ကို နှစ်ပေါင်းမြောက်များစွာ စောင့်ဆိုင်းပြီးမှ သား ဣဇာက် ရရှိခဲ့သည်။ ယုံကြည်ခြင်းဖြင့် ဆုတောင်းသောအခါ လူနာကို ဘုရားသခင်ကယ်ဆယ်၏။ တဆယ်နှစ်နှစ်ပတ်လုံး သွေးသွန်အနာစွဲသော မိန်းမငယ်တယောက်သည် ယုံကြည်ခြင်းအားဖြင့် သူမ၏ အနာကို ငြိမ်းစေသည်၊

အစဉ်ဆုတောင်းလျှက် စောင့်နေကြလော့။ သင်သည် ဆုမတောင်းသည့်အခါ ဝိညာဉ်ရေး၌ အသက်တာကျဆင်းလာမှာဖြစ်သည်။ ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ကိုးစားပြီး ကိုယ့်ဥာဏ်ကို အမှီမပြုနဲ့ သွားလေရာရာ၌ ထာဝရ ဘုရားကို မျက်မှောက်ပြုလော့။ ထိုသို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ ယေရှု မိန့်တော်မူသည်ကား သင်တို့သည် မျှော်လင့်သော အကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ သင်တို့အဘို့ ကြံစည်သော အကြံတို့ကို ငါသိ၏။ သင်တို့သည် ငါ့ကို ခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင် တွေ့ကြလိမ့်မည်။

အဲန် ဒံယေလ

**N. Daniel**

## "အမှန်တကယ် စမ်းစစ်ခြင်း"
## "Reality Check"

"ဘုရားသခင် မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သော သူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဘွယ်သော အမှုကို ပြုတတ်ကြ၏။ ကောင်းသော အမှုကို ပြုသောသူတယောက်မျှမရှိ။ (ဆာလံ ၁၄း၁)

## "ဂျော့မြူလာ၏ ဆုတောင်းခြင်း အချက် (၅)ချက်"
## George Mueller's Five Condition for Prayer

ဆုတောင်းခြင်းအားဖြင့် အသက်တာလျှောက်လှမ်းနေသော ဂျော့မြူလာသည် ဘုရားသခင်၏ အလွန်များပြားသော ကောင်းချီး ခံစားရရှိကြောင်း သက်သေအထောက်အထား တွေ့မြင်နိုင်သည်။ သူသည် အမြဲဆုတောင်းလျက် စောင့်နေသူ ဖြစ်သည်။ ဘုရားသခင်သည် သူ့မိဘမဲ့ကလေးများ ပေးကမ်းထောက်ပံ့ခြင်းအကြောင်းသည် သူ၏ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းကြောင့်သာ ဖြစ်သည်။ ဂျော့မြူလာသည် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားပြီး ဆုတောင်းတဲ့သူ ဖြစ်သည်။ ဂျော့မြူလာ၏ ဆုတောင်းခြင်းကြောင့် ထောင်ပေါင်းမြောက်များစွာသော အသက်တာ ပြောင်းလဲခဲ့သည်။ ဘုရားသခင်အဖြေပေးမည်ဟု မိမိကိုယ်မိမိ ယုံကြည်ခြင်းဖြင့် ဆုတောင်းခဲ့သည် အချက် (၅)ချက်မှာ

၁။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။ (၁ တိမောသေ ၂း၄)
ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့် အညီ တစုံတခုသော ဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ (၁ ယောဟန် ၅း၁၄)
၂။ ခမည်းတော်၌ တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ (ရှင်ယောဟန် ၁း၁၄)
၃။ သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သော စိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။ (ရှင်ယာကုပ် ၁၁း၂၄)
ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ။ (ဆာလံ ၆၆း ၁၈)
၅။ ဘုရားသခင်ရွေးကောက်တော်မူသော သူတို့သည် ညဉ့်နေ့မပြတ် အော်ဟစ်၍ တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာ သည်းခံတော်မူမည်လော။ (ရှင်လုကာ ၁၈း၇)

ဤအတွေးအခေါ်နှင့် ဆုတောင်းခြင်းသည် သင်၏ နှလုံးသား၌ လက်တွေ့လုပ်ဆောင်ကြပါ၊ ဤဆုတောင်းခြင်းသည် သင်၏ လျှို့ဝှက်သော အောင်မြင်မှုဖြစ်ပါစေ။

## "ဖိနပ်ချုပ်သမား၏ အကြောင်း"
## "The Consecrated Cobbler"

ဝီလိုင်(မ်)ကရီးယားသည် ဖိနပ်ချုပ်သမားဖြစ်သည်။ ကရီးယားသည် သူ့အလုပ်အပေါ် ကျေနပ် ဂုဏ်ယူတတ်၏။ သေးငယ်သော ဆိုင်လေး၏အပေါ်တွင် ဆိုင်းဘုတ်တင်ထားပြီး "ဒုတိယတန်းစားဖိနပ် ရောင်းသည်/ဝယ်သည်ဟု ရေးထားသည်။ ကရီးယား၏ ဆိုင်ထဲတွင် ကမ္ဘာ့မြေပုံ ကပ်ထားပြီး ကမ္ဘာအကြောင်းကို လေ့လာလေ့ရှိသည်။ ကမ္ဘာအတွက် ဆုတောင်းပြီး ကရီးယားသည် ရူးနေပြီဟု သူ့သူငယ်ချင်းတွေ ထင်ကြသည်။

ထို့နောက် ကရီးယားသည် ကျောင်းဆရာနှင့် တရားဟောဆရာဖြစ်လာပြီး လာစာ ဒေါ်လာ (၈၀)ရရှိခဲ့သည်။ တနေ့တော့ နှစ်ခြင်း တွေ့ဆုံဆွေးနွေးပွဲတွင် (ဟေရှာယ ၅၄း ၂-၃)ကို တရားဟောခဲ့သည်၊

*ပထမ= ဘုရားသခင်ထံမှ ကြီးမားသော အရာ မျှော်လင့်ခြင်း*

*ဒုတိယ= ဘုရားသခင်အတွက်ကြီးမားသောအရာ ကြိုးပမ်းလုပ်ဆောင်ခြင်း။*

ထိုနောက် နှစ်ခြင်းသာသနာအသင်းအဖွဲ့ဖွဲ့စည်းပြီး ကရီးယားသည် ပထမဆုံးသာသနာပြုဆရာ ဖြစ်လာသည်။ ဒီလိုပဲ ကရီးယားသည် ဖိနပ်ချုပ်ဘဝမှ ကြီးမားသောအမှုတော်ဆောင်သာသနာအဖြစ် အိန္ဒိယပြည်ကို ရောက်ရှိခဲ့သည်။ ဘုရားသခင်

သည် ကရီးယားကိုအသုံးပြုပြီး နေရာအသီးသီး၌ သတင်းကောင်း ဟောပြောခဲ့သည်။ ကရီးယား၏ သားနှစ်ယောက် ဗီလစ်နှင့် ဝီလိုင်(မ်)တို့သည်လည်း အမှုတော်ဆောင် သာသနာအဖြစ် ပါဝင်လာခဲ့ကြသည်။ ထို့အပြင် ဂျဲ့ဘက်ကရီးယားသည် ကရီးယား၏ တရားဟောခြင်းအားဖြင့် အသက်တာပြောင်းလဲပြီး သူ၏ ခေါင်းပေါ်မှာ လက်ကိုတင်၍ ဆုတောင်းပဌာနာပြုလျက် အမှုတော်မြတ်၌ ပါဝင်ခဲ့သည်၊

- ကရီးယား၏ မိသားစုသည် ဘယ်လောက်ပျော်ရွှင်သော မိသားစုဖြစ်သလဲ?
- ကရီးယားရေးထားသည်မှာ "ငါနှင့်အတူ ထာဝရဘုရားကို ချီးမွမ်းကြလော့။ နာမတော်ကို တညီတညွတ်တည်း ချီးမြောက်ကြကုန်အံ့။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏ ခိုလှုံသော သူတို့ကို သိမှတ်တော် မူ၏။"

## "ဘုရားသခင်နှင့် လျှောက်လှမ်းသောသူ"
## "Moving men through God"

ဟတ်ဆန်းတဲလိုး(ရ်)သည် ငယ်ရွယ်စဉ်ကတည်းက တရုတ်ပြည်မှာ အမှုတော်ဆောင် သာသနာအဖြစ်ကြီးမားသော ရူပါပုံ ရှိခဲ့သူဖြစ်သည်။ ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် အသက်တာလျှောက်လှမ်းနေသော ဂျော့မူလာ၏အကြောင်း သူ ဖတ်ခဲ့သည်။ ဘုရားသခင်သည် မူလာ၏ ဆုတောင်းသံနားညောင်းပြီး မိဘမဲ့ကလေးများထောက်ပံ့မှုကိုလည်း တဲလိုး(ရ်) သိရှိသည်။ တဲလိုး(ရ်)သည် ဆုတောင်းပြီး ယုံကြည်ခြင်းဖြင့် တရုတ်ပြည်ကို သွားဖို့ ပြင်ဆင်ခဲ့သည်။

တဲလိုး(ရ်)သည် သူ့ကို ထောက်ပံ့မည့် ဆရာဝန်တစ်ယောက်ရှိသည်။ ဤဆရာဝန်သည် ကောင်းသောလူဖြစ်ပေမဲ့ လခပေးခြင်းမှာ ပုံမှန်မပေးလေ့ရှိကြောင်း တဲလိုး(ရ်) သိသည်။ ထို့ကြောင့် တဲလိုး(ရ်)သည် ထာဝရဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားပြီး အရာရာ၌ ဘုရားပြင်ဆင်လိမ့်မည်ဟု ယုံကြည်ခြင်းနှင့် သူလျှောက်လှမ်းခဲ့သည်။ ယုံကြည်ခြင်းနှင့် သူလျှောက်လှမ်းပြီး နောက် ၂နှစ်မှာ တဲလိုး(ရ်)၏ ဆုတောင်းခြင်းကြောင့် ၂၄ ယောက် အမှုတော်ဆောင် သာသနာအဖြစ် ဘုရားသခင် ပေးခဲ့သည်။ တဲလိုး(ရ်)သည် ဤအမှုတော်ဆောင် ၂၄ယောက်အတွက် တရုတ်ပြည်၏ ၁၁ ပြည်နယ်နှင့် မွန်ဂိုလွဲလ်မှာ နှစ်ယောက်တတွဲ အမှုတော်ဆောင်ရန် နေရာချပေးသည်။ တဲလိုး(ရ်)သည် တရုတ်ပြည်အတွက် ဤကဲ့သို့ ဆုတောင်း၏။ "အိုထာဝရဘုရား၊ ကိုယ်တော်သည် ထာဝရအရှင် ဘုရားဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ ဤလူတို့စိတ်သဘောကို ပြောင်းလဲစေတော်မူကြောင်းကိုလည်းကောင်း၊ သူတို့သည် သိစေခြင်းငှာ အကျွန်ုပ်စကားကို နားထောင်တော်မူပါဟု ဆုတောင်းလေ၏။" တဲလိုး(ရ်)သည် မမြင်သေးသော အမှုအရာတို့ကို ဖော်ပြသော ဗျာဒိတ်တော်ကို ခံရပြီးမှ ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့သော စိတ်ရှိ၍ ဆုတောင်းသောအခါ အရာရာ၌ ဘုရားပြင်ဆင်လမ်းပြပြီး ထောက်ပံ့ပေးခဲ့သည်။ ဘုရားသခင်သည် တဲလိုး(ရ်)နှင့် အမှုတော်ဆောင် ၂၄ ယောက်တို့ကို အသုံးပြုပြီး တရုတ်ပြည်၌ နိုးထမှုဖြစ်လာသည်။

## "ကော်ဖီဆိုင်မှာ ဆုတောင်းခြင်း"
## **"Prayer in a coffee shop"**

သမ္မတ ရစ်ချက်နစ်ဆင်၏ လက်ထောက် မန်နေဂျာဖြစ်သူ ချားလ်ကော်လ်ဆင်သည် စီအက်စ်လီဝိုက်စ် ရေးထားသည့် ***"ဒုတိယမွေးဖွားခြင်း"*** အကြောင်းစာစောင်ဖတ်ခြင်းဖြင့် ခရစ်တော်သည် သူ၏ကယ်တင်ရှင်အဖြစ်လက်ခံ ယုံကြည်ပြီး အသက်တာပြောင်းလဲခဲ့သည်။ တနေ့တော့ သူ့သူငယ်ချင်း ဖရက်ဒီနီနှင့် လဘက်ရည်ဆိုင်မှာ ဆုံတွေ့ပြီး ကြက်ဥကြော် နှစ်ပွဲနှင့် နွားနို့နှစ်ခွက် သုံးဆောင်ဖို့ မှာကြသည်။ သူတို့မသုံးဆောင်ခင် ကျေးဇူးတော် ချီးမွမ်းဆုတောင်းကြသည်။ စားပွဲထိုးသည် အံ့သြပြီး "ဟေ့" သင်တို့ ဆုတောင်းနေသလား? "ဟုတ်ကဲ့" ဆုတောင်းနေသည် ဟု ကော်လ်ဆင်က ပြန်ပြောသည်။ စားပွဲထိုးက ဆက်ပြောသည်မှာ "ဤဆိုင်မှာ သင်တို့ကဲ့သို့ ဆုတောင်းသော သူမတွေ့သေးဘူး" သင်တို့ တရားဟောဆရာဖြစ်ပါသလား? "မဟုတ်ဘူး" "ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်သော ခရစ်ယာန်ဖြစ်ကြသည်"ဟု ပြန်ဖြေခဲ့သည်။ ကော်လ်ဆင်က စားပွဲထိုးကို ခရစ်တော်ရှာလျှင် အသက်ချမ်းသာရမည်ဟု ပြောခဲ့သည်။